# နေရာထိုင်ခင်းထိန်းသိမ်းရေးအကြံပေးကော်မတီ
# အစည်းအဝေးခန်းမ၊ ချီးစ်ခလပ်အဆောက်အဦး
# ဇွန်၂၁၊ ၂၀၁၂

**ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း -**

ရှောခါးဝဲလ် (Shawn Caldwell) ကအစည်းအဝေးတက်ရောက်လာသူများကိုကြိုဆိုကာမိတ်ဆက်စကားပြောကြားပါသည်။ အကြံပေးကော်မတီဝင်များအနက်တက်ရောက်လာသူများမှာ ကျော်အောင် (Kyaw Aung)၊ အန်ဂျလာဝူးမက်ခ် (Angela Womack)၊ ဂျူနီတာဝီလျံ (Juanita Williams)၊ ဒေးဗစ်ဖရာလေး (David Fraley)၊ ဂျော့ဂျိမ်း (George James)၊ ဗာဂျီးနီးယားဘလစ်ဖ် (Virginia Baillif)၊ ဆေဗာဘလန်း(Sylvia Bland)၊ ဒေါ်နယ်ရိုက် (Donald Wright) နှင့် စောလောလမူး (Saw Lawla Moo) တို့ဖြစ်ပါသည်။ ခရစ်စတိုဖာချီရွန် (Christopher Chiron)၊ ဝေနီဘလဲ (Wayne Blair) နှင့် ဝန်ထမ်းထောက်ပံ့ရေးမှ မေရီခရေဗန် (Mary Craven) တို့လည်းတက်ရောက်ခဲ့ပါသည်။ ဒေးရီးယက်စ်ဒစ်ဆင်(Mr. Darius Dixon) နှင့် ထရေစီအက်နူး (Tracy Agnew) တို့သည်ဤ အစည်းအဝေးပွဲသို့တက်ရောက်ခြင်းမရှိခဲ့ကြပေ။

မစ္စတာခါးဝဲလ် (Mr. Caldwell) က မစ္စတာဘလဲ (Mr. Blair) လာရောက်တက်ရောက်ခြင်းအတွက်ကျေးဇူးတင်ကြောင်းပြောကြားပါသည်။ မစ္စတာဘလဲ (Mr. Blair) ကအကြောင်းအရင်းအတိအကျတစ်ခုခုကြောင့်လာရောက်ခြင်းမဟုတ်ကြောင်းနှင့် လာရောက်လိုသောဆန္ဒဖြစ်ပေါ်မိ၍လာခဲ့ခြင်းဖြစ်ကြောင်းပြောကြားလေသည်။ သူကကော်မတီ၏လုပ်ငန်းများအပေါ်တွင်ချီးကျူးစကားများပြောကြားပြီး ယင်းနှင့်စကားပြောရန်ဆန္ဒရှိပါက မည်သူမဆိုအတွက်အဆင်သင့်ရှိနေမည်ဖြစ်ကြောင်းအသိပေးပြောကြားပါသည်။

၂၀၁၂ ဇွန်လ၇ရက် မှအစည်းအဝေးမှတ်တမ်းကိုပြန်လည်ကြည့်ရှုကြပါသည်။ မစ္စတာဂျိမ်း (Mr. James) ကအစည်းအဝေး အချက်အလက်များ ကို သဘောတူညီကြောင်းတင်ပြရာ မစ္စစ် (Ms. Bland) က ထောက်ခံပါသည်။ အစည်းအဝေးမှတ်တမ်းကိုတခဲနက်တည်းကန့်ကွက်သူမရှိသဘောတူညီကြပါသည်။

**ကိစ္စများတင်ပြခြင်း -**

- မစ္စတာချီရွန် (Mr. Chiron) ကနေရာထိုင်ခင်းထိန်းသိမ်းရေးအလုပ်နေရာများစွာကိုမကြာမီအချိန်တွင် စတင်ဖွင့်တော့မည်ဖြစ်ကြောင်းနှင့် အချို့သောရာထူးများကိုမူတနင်္လာနေ့တွင်ပိတ်ပစ်တော့မည် ဖြစ်ကြောင်းပြောပါသည်။ အဖွဲ့ခေါင်းဆောင်ရာထူးရှစ်နေရာနှင့် အဆောက်အအုံအထပ်နည်းပညာ ရာထူးနေရာများလည်းမကြာမီတွင်ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

- မစ္စတာချီရွန် (Mr. Chiron) ကဌာနသည် Rosetta Stone အစီအစဉ်၏မိတ္တူငါးဆယ် (၅၀) ကို ဝယ်ယူခဲ့ပြီးပြီဖြစ်ကြောင်း နှင့် ထိုအစီအစဉ်မှ အင်္ဂလိပ်စာပို၍ထူးချွန်သောအလုပ်သမားများကို ဂျူလိုင်လအကုန်တွင် မွေးထုတ်ပေးနိုင်ရန် မျှော်လင့်ပါကြောင်းပြောကြားပါသည်။
- မစ္စတာအောင် (Mr. Aung) ကအွန်လိုင်းဓမ္မမိဋ္ဌာန်များကိုရနိုင်မရနိုင် နှင့်ပတ်သတ်၍ မေးပါသည်။ မစ္စတာချီရွန် (Mr. Chiron) ကဘာသာပြန်အတွက် ဝဘ်အခြေပြုဓမ္မမိဋ္ဌာန်အချို့ တို့ရှိကြောင်းနှင့် ထိုလင့်ခ်များကိုဌာန၏ကွန်ပျူတာများနှင့်ချိတ်ဆက်ထားခြင်းအားဖြင့် အလုပ်သမားများအတွက် အလွယ်တကူ အကူအညီများရရှိနိုင်မည်ဖြစ်ကြောင်းပြောပြပါသည်။
- မစ္စတာမူး (Mr. Moo) ကအချို့သောအလုပ်သမားများသည် ယင်းတို့၏လုပ်ဖော်ကိုင်ဖက်များ ၏မတရားဖိနှိပ်ချုပ်ချယ်မှုများကိုခံနေရသေး ကြောင်း တိုင်ကြားဖော်ပြချက်များကို ကြားမိကြောင်းပြောပါသည်။ မစ္စတာခါးဝဲလ် (Mr. Caldwell) ကအဖွဲ့ခေါင်းဆောင်များသည် အုပ်ချုပ်သူများမဟုတ်သဖြင့် အလုပ်သမားများအပေါ်တွင် အရေးယူခြင်းများကို ပြုလုပ်နိုင်ခွင့်မရှိ ကြောင်းလူတိုင်းအားထပ်မံအသိပေးပါသည်။ သူကဆက်လက်ပြီး အလုပ်သမားများသည်ကြီးကြပ်ရေးမှူးများထံသို့အရင်သွားပြီးထို့နောက်တွင်မှစီမံခန့်ခွဲရေးသို့တက် ကာ ဖြေရှင်း၍မရသောကိစ္စများကိုဖြေရှင်းစေရမည်ဖြစ်ကြောင်းပြောပါသည်။

<u>**လုပ်ငန်းအသစ် -**</u>

ပတ်ဝန်းကျင်တိုးတက်သာယာရေးပန်းတိုင်များကော်မတီ-ကော်မတီခွဲလေးတစ်ခုစီသည် ယင်းတို့၏စီမံကိန်း များအတွက် တွေ့ဆုံရန်နှင့် ဆွေးနွေးရန် အချိန်မိနစ်၃၀ရပါသည်။ ထို့နောက်တွင် ကော်မတီသည်ယင်းတို့၏ တိုးတက်မှုကိုပြန်လည်ဝေမျှပါသည်။

- **အဖွဲ့ ၁ - ဒေးဗစ်ဖရာလေး (David Fraley)၊ အန်ဂျလာဝူးမက်ခ် (Angela Womack) ဂျော့ဂျိမ်း (George James) နှင့် ဗာဂျီးနီးယားဘာလစ်ဖ် (Virginia Baillif)**
  *အလုပ်ဆိုင်းများ၊ အလုပ်အချိန်စာရင်းများနှင့်ပတ်သတ်သောကိစ္စများ၏အကျိုးများနှင့်အပြစ်များ*
  မစ္စတာဖရာလေး (Mr. Fraley) ကယင်းတို့၏အုပ်စုသည် အလုပ်သမားတစ်ဦးမှယင်းတို့အလုပ်လုပ်ရ သည့်အချိန်အဆိုင်းများအပေါ်တွင်မည်သည့်ထင်မြင်ချက်များရှိကြောင်းနှင့်ယင်းတို့ရွေးချယ်လိုက် သည့်အဆိုင်းအချိန်များကြောင့်မည်သည့်ပြဿနာများ-ဥပမာ ကလေးစောင့်ရှောက်ခြင်း သို့မဟုတ် သွားလာရေး-ရှိကြောင်း သိရှိရန်အတွက် လေ့လာမှုတစ်ခုကိုပြုလုပ်ရန်စီစဉ်နေပါသည်။ အဖွဲ့သည် ဆက်လက်ပြီးယင်းတို့၏မေးခွန်းများကိုပြန်လည် အပြီးသတ်ခြင်းနှင့် လေ့လာမှုကိုမည်ကဲ့သို့ဖြန့်ဝေ ကာပြန်လည်သိမ်းဆည်းမည်ဆိုသည်တို့ကို စဉ်းစားလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

- **အဖွဲ့ ၂ - ဂျူနီတာဝီလျံ (Juanita Williams)၊ ကျော်အောင် (Kyaw Aung)၊ ဒေါ်နယ်ရိုက် (Donald Wright) နှင့် စောလောလမူး (Saw Lawla Moo)**

  *ရိုးရာပြောင်းလဲမှုနှင့်နားလည်မှုကိုတိုးတက်လာစေရန်၊ အချင်းချင်းအပြန်အလှန်ရင်းနှီးနားလည်မှုရှိစေရန်နည်းလမ်းများ*

  မစ္စဝီလျံ (Ms. Williams) ကအုပ်စုသည် မတူညီသောရိုးရာအတားအဆီးများ-ဥပမာ Hello သို့မဟုတ် Goodbye ကိုမည်ကဲ့သို့ပုံစံအမျိုးမျိုးဖြင့်ပြောသည်၊ မတူညီသောအားလပ်ရက်များ၊ နှင့် မတူညီသောရိုးရာအစားအစာများ- သည် ညှိနှိုင်းမှုကိုအစချီနိုင်မည့်နေရာများဖြစ်နိုင်ကြောင်း တင်ပြခဲ့ပါသည်။ ဥပမာ- ကတ်ပြားငယ်လေးများတွင် နုတ်ဆက်စကားအချို့ဖြစ်သော "မင်္ဂလာပါ။ ဘယ်လိုလဲ။ နေကောင်းလား" တို့ကိုရေးသားခြင်းအားဖြင့် အလုပ်သမားများအတွက် အထောက်အကူဖြစ်စေရန် ပြုလုပ်နိုင်ပါသည်။ သူမကဆက်လက်၍ဖုံတစ်ခုစီမှဝန်ထမ်းများသည် အဓိကကျသောဘာသာစကားလေးခုဖြင့် အလုပ်နှင့်သက်ဆိုင်သောစကားလုံးများ၊ စကားစုများ-ဥပမာ တံမြတ်စည်း၊ အမှိုက်ကောက်ပါ၊ ဖုန်သုတ်ခြင်း၊ နှင့် ကြမ်းတိုက်ခြင်း-ကို သင်ယူထားရန်အတွက် ကိစ္စနှင့်ပတ်သတ်၍ ဆွေးနွေးတင်ပြပါသည်။ သူတို့ကထပ်မံအကြံပြုသည့်အချက်မှာ လူတစ်ဦးစီ၏ကိုယ်ပိုင်ရုန်းကန်မှုများနှင့် ဤနေရာသို့ရောက်လာခဲ့သည့်အချိန်အထိဘဝခရီးလမ်း အကြောင်း နှင့်ပတ်သတ်၍ဝေငှနိုင်သည့်အချိန်များကိုထားရှိ ပေးရန်ဖြစ်ပါသည်။ အကြံပြုချက်နောက်တစ်ခုမှာ စက်တင်ဘာလအတွင်း နေရာထိုင်ခင်းထိန်းသိမ်းရေးအားအသိအမှတ်ပြုသည့် အပတ်တွင် အချို့သောလှုပ်ရှားမှုများကိုသတ်မှတ်ပြုလုပ်ပေးရန်အတွက်ဖြစ်ပါသည်။ မစ္စတာချီရွန် (Mr. Chiron) က Orange County စာပေကောင်စီမှဆရာ၊ ဆရာမများကို ဆွေးနွေးပွဲသို့လာရောက်ရန်ဖိတ်ခေါ်ပြီး အင်္ဂလိပ်စာဘာသာသင်ကြားသည့်အတန်းများတွင် အလုပ်သမားများအားသင်ပေးသည့် စကားလုံးနှင့်စကားစုအချို့တို့နှင့်ပတ်သတ်၍ ဆွေးနွေးကြည့်ကြရန်အကြောင်းကိုပါထပ်မံအကြံပြုခဲ့ပါသည်။

- **အဖွဲ့ ၃ - ဂျွန်ဝီလျံ (John Williams)၊ ရှောခါးဝဲလ် (Shawn Caldwell) နှင့် ဆေဗာဘလန်း (Sylvia Bland)**

  *ရှင်းလင်းချက်နှင့်သင်တန်းပေးရန် လိုအပ်သောပေါ်လစီများနှင့် ဆက်သွယ်ရေးတိုးတက်မှုများအတွက် အကြံဉာဏ်များ*

  မစ္စတာခါးဝဲလ် (Mr. Caldwell) ကအုပ်စုအနေဖြင့်အစီအစဉ်များမှထွက်ခွာခြင်း၊ ဌာနရမ်းခြင်းဖြစ်စဉ် (ရာထူးတက်ခြင်းနှင့်ရာထူးနေရာပြောင်းခြင်း) အစရှိသည့်ကိစ္စများနှင့်ပတ်သတ်၍ရှင်းလင်းချက်များလိုချင်ကြောင်နှင့်၊ လူ့အရင်းအမြစ်သည်အလုပ်သမားများနှင့်တွေ့ဆုံကာ ထိုပေါ်လစီများကိုပြန်လည်စီစစ်သင့်သည်ဟုထင်မြင်ကြောင်း ဖော်ပြသွားပါသည်။

ဂျူလိုင်လ ၄ ရက်သည်အားလပ်ရက်ဖြစ်သဖြင့် နောက်ထပ်ပုံမှန်သတ်မှတ်ထားသောအစည်းအဝေး (ဂျူလိုင် ၅ ရက်) ကိုဖျက်သိမ်းလိုက်ပါသည်။ ထို့ကြောင့်နောက်ထပ်အစည်းအဝေးကိုဂျူလိုင် ၁၉ တွင် ပြုလုပ် မည်ဖြစ်ပါသည်။ ဒုလက်ထောက်အုပ်ချုပ်ရေးမှူးဂရေး (Gray) သည်လည်းထိုအစည်းအဝေးကို တက်ရောက်ရန်အတွက် အချိန်သတ်မှတ်ထားပြီးဖြစ်ပါသည်။ မစ္စတာချီရွန် (Mr. Chiron) က အုပ်စု တစ်ခုစီမိမိတို့၏ ကိုယ်ပိုင်တင်ပြချက်များကို အဆင်သင့်ပြုလုပ်ကာမစ္စတာဒစ်ဆင် (Mr.Dixon) အားပေးပြီး၊ သူကအုပ်စု တစ်ခုစီမှစတင် လုပ်ဆောင်နေသောအကြောင်းများ၏ နောက်ခံအခြေအနေအချို့တို့ကို ထိုအစည်းအဝေး တွင် တင်ပြဖော်ပြပေးသွားမည်ဖြစ်ပါသည်။ သူက အကယ်၍အုပ်စုတစ်ခုစီက ထိုအစည်းအဝေး မတိုင်မီ ပြန်လည်ကြည့်ရှုရန် တင်ပြချက်အကြမ်းတစ်ခုကိုလိုချင်ခဲ့သည်ရှိသော်ပေးအပမည်ဖြစ်ကြောင်းပြောကြား ပါသည်။

**နောက်ထပ်အစည်းအဝေး -**

နောက်ထပ်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဂျူလိုင်လ ၁၉ ရက်ကြာသပတေးနေ့၊ မနက် ၇း၃၀ တွင် ချီးခ်/ကလပ် အစည်းအဝေးခန်းမတွင်ပြုလုပ်မည်ဖြစ်ပါသည်။